# TERMS & CONDITIONS OF MCB VISA CREDIT CARDS

MCB Visa Credit Classic/ Platinum Card ကိုင်ဆောင်အသုံးပြုသူများအနေဖြင့် ကတ်အားစတင်အသုံးပြုခြင်းနှင့် အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို သေချာစွာဖတ်ရှုခြင်းဖြင့် လက်ခံသဘောတူကြောင်း Myanmar Citizens Bank (MCB Bank) မှ မှတ်ယူမည်ဖြစ်ပါသည်။

## Terms & Conditions

MCB Visa Credit Classic/Platinum Cardholders are starting to use the card, it will be assumed that you accept the terms and conditions set by Myanmar Citizens Bank (MCB Bank).

## Cardholder

ကတ်ကိုင်ဆောင်သူဆိုသည်မှာ MCB Bank ၏ Credit Card Customer ဖြစ်ဖို့ရန် လျှောက်ထားလာပြီး၊ MCB Bank ၏ ကတ်အသုံးပြုရန် ခွင့်ပြုချက်ရရှိသူကို ဆိုလိုသည်။
“Cardholder” means the applicant approved by MCB Bank to be its credit card customer and is entitled to use the card.

ကတ်ကိုင်ဆောင်သူသည် ကတ်အားအသုံးပြု၍ ဥပဒေနှင့်မညီညွတ်သည့် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ၊ မည်သည့် နိုင်ငံတွင်ဖြစ်စေမပြုလုပ်ရပါ။ (ဥပမာ - တရားမဝင်ကုန်စည်ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှု ၊ ငွေလွှဲပြောင်းခြင်း)
Cardholder shall not engage in any unlawful activity (e.g. purchasing illegal goods or services, transaction) in any country.

## ၁။ ကတ်နှင့် PIN နံပါတ်အားလက်ခံရရှိခြင်း

၁.၁။ ကတ်ကိုင်ဆောင်သူသည် ကတ်အား MCB ATM စက်တွင် Activate ပြုလုပ်ရမည်။ Card Activation ပြုလုပ်ပြီးနောက် ကတ်ကိုင်ဆောင်သူ၏ PIN (Personal Identification Number) ကို Application Form တွင် ဖော်ပြထားသော ဖုန်းနံပါတ်သို့ ပေးပို့မည်ဖြစ်ပါသည်။ ကတ်ကိုင်ဆောင်သူသည် PIN နံပါတ်ကိုလက်ခံရရှိပါက မည်သည့် MCB ATM စက်တွင်မဆို PIN နံပါတ်အား ပြောင်းလဲနိုင်သည်။
1.1. The cardholder must activate the card at an MCB ATM. After activation, the cardholder’s PIN (Personal Identification Number) will be sent to the phone number provided in the application form. Once received, the PIN can be changed at any MCB ATM.

၁.၂။ PIN ပြောင်းလဲပြီးပါက POS (Point of Sale) စက်များတွင် ကတ်ဖြင့်ငွေပေးချေခြင်းနှင့် ATM စက်များတွင် ငွေသားထုတ်ယူခြင်းများစသည့် လုပ်ဆောင်ခြင်းများအတွက် ကတ်အား PIN နံပါတ်အသစ်ဖြင့် အသုံးပြုရမည်ဖြစ်ပါသည်။ E- Commerce Transaction များအတွက် Application Form တွင်ဖော်ပြထားသောဖုန်းနံပါတ်သို့ OTP အား ပေးပို့မည်ဖြစ်ပါသည်။
1.2. After changing the PIN, the cardholder must use the new PIN for transactions at POS (Point of Sale) machines and for withdrawing cash from ATMs. For E-Commerce transactions, an OTP will be sent to the phone number provided on the application form.

## ၂။ Credit Limit

၂.၁။ Credit Limit ဆိုသည်မှာ ကတ်ကိုင်ဆောင်သူအား MCB Bank မှ ထုတ်ပေးထားသည့် MCB VISA Credit Card ကိုင် ဆောင်သူများသို့ ခွင့်ပြုထားသည့် အများဆုံးသုံးစွဲနိုင်မည့် ပမာဏသတ်မှတ်ချက်ဖြစ်ပါသည်။ မူရင်းကတ် နှင့် ဆင့်ပွားကတ်တို့၏ စုစုပေါင်းအသုံးပြုမှုသည် သတ်မှတ်ထားသည့်သုံးစွဲနိုင်သော ငွေပမာဏထက်ကျော်လွန်၍သုံးစွဲနိုင်မည်မဟုတ်ပါ။ အကယ်၍လိုအပ်ပါက ဘဏ်မှ ကတ်ကိုင်ဆောင်ထားသူအား အသိပေးအကြောင်းကြားမည်မဟုတ်ဘဲ Credit Card ၏ သုံးစွဲမှုပမာဏကို ငြင်းဆိုခြင်း၊ MCB ဘဏ်မှ ကတ်ကို ယာယီဆိုင်းငံ့ခြင်း သို့မဟုတ် အမြဲတမ်းဆိုင်းငံ့ထားခြင်းများ ပြုလုပ်နိုင် မည်ဖြစ်ပါသည်။
2.1. The Credit Limit refers to the maximum amount that MCB Visa Credit Cardholders can use, as permitted by MCB Bank. The total usage of both primary and supplementary cards must not exceed the set credit limit. MCB Bank reserves the right to deny further credit usage without prior notice and may temporarily or permanently suspend the card.

၂.၂။ သတ်မှတ်ပမာဏထက် ကျော်လွန်သုံးစွဲထားသည့် ပမာဏပေါ်တွင်လည်း အတိုးကောက်ခံမည် ဖြစ်ပါသည်။ အတိုးကျသင့်ငွေကို ဘဏ်သို့ပေးဆပ်ရန် လိုအပ်ပါသည်။ အကယ်၍လိုအပ်ပါက MCB ဘဏ်မှ သတ်မှတ်သောပမာဏအတွင်း၌ပင် အသုံးပြုထား သည့် ငွေသွင်း၊ငွေထုတ်နှင့်ငွေပေးချေခြင်း အချို့အား MCB ဘဏ်မှငြင်းပယ်နိုင်သည်။
2.2. Interest will be charged on any amount exceeding the specified limit. The interest due must be paid to the bank. If necessary, MCB Bank reserves the right to decline certain deposits, withdrawals, or payments made even within the specified limit set by the bank.

## ၃။ ဝန်ဆောင်ခများ

၃.၁။ ကတ်ကိုင်ဆောင်သူသည် မူရင်းကတ်နှင့် ဆင့်ပွားကတ်များအတွက် ဘဏ်မှ သတ်မှတ်ထားသောအတိုး၊ နှစ်စဉ်ကြေး၊ ငွေသားထုတ်ယူခြင်းအတွက် ကျသင့်သောဝန်ဆောင်ခ၊ သတ်မှတ်ပမာဏထက် ငွေသားပိုမိုထုတ်ယူသုံးစွဲခြင်းအတွက် Over Limit Fee၊ Penalty Fee အပြင်ကတ်နှင့်သက်ဆိုင်သော အခြားသောဝန်ဆောင်ခများကိုကျခံရမည်။

# TERMS & CONDITIONS OF MCB VISA CREDIT CARDS

3.1. The cardholder is responsible for paying the interest, annual fees, cash withdrawal service charges, over-limit fees for exceeding the specified limit, penalty fees, and any other fees related to the card as determined by the bank for both the primary and supplementary cards.

## ၄။ ဘဏ်စာရင်းရှင်းတမ်း

၄.၁။ MCB ဘဏ်အနေဖြင့် မူရင်းကတ်ကိုင်ဆောင်သူ သို့မဟုတ် ဆင့်ပွားကတ်ကိုင်ဆောင်သူများ ပြုလုပ်ထားသော Transactions များအတွက် ငွေစာရင်းရှင်းတမ်းအား လစဉ် (၂၆) ရက်နေ့တိုင်း မူရင်းကတ်ကိုင်ဆောင်သူထံသို့ Email ဖြင့်ပေး ပို့အကြောင်းကြားသွားမည်ဖြစ်ပါသည်။ ငွေစာရင်းရှင်းတမ်းအား Password ဖြင့်ထိန်းသိမ်းထားသောကြောင့် ငွေစာရင်းရှင်းတမ်းအား ဖွင့်လှစ်နိုင်ရန်အတွက် Password မှာကတ်ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ် (DDMMYYYY) ဖြစ်ပါသည်။ အကယ်၍ ကတ်ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်မှာ (၀၁-၀၁-၁၉၀၀) ခုနှစ်ဖြစ်ပါက ကတ်ကိုင်ဆောင်သူ၏ Password သည် ၀၁၀၁၁၉၀၀ ဖြစ်ပါသည်။ ကတ်ကိုင်ဆောင်သူသည် Credit Card အသုံးပြုမှုများအားစစ်ဆေးပြီး ကွာဟခြားနားမှု တစ်စုံတစ်ရာ ရှိပါက ငွေစာရင်းရှင်းတမ်းစတင်ရရှိသောနေ့မှစ၍ (၁၀) ရက်အတွင်း MCB ဘဏ်သို့ပြန်လည် အကြောင်းကြားပေးရမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် MCB ဘဏ်သို့ ပြန်လည်အကြောင်းကြားခြင်းမရှိပါက ငွေစာရင်းရှင်းတမ်းသည် မှန်ကန်ကြောင်းယူဆမည်ဖြစ်ပါသည်။
4.1. MCB Bank will send a monthly transaction statement to the primary cardholder via email on the 26th of each month. The statement will be password-protected, and the password is the cardholder's date of birth (DD/MM/YYYY). If the cardholder's date of birth is supposedly 01-01-1900, the password would be 01011900. Any discrepancies must be reported to the bank within 10 days from the date the statement is received. If no communication is made, the bank will assume the statement is agreed.

၄.၂။ ကတ်ကိုင်ဆောင်သူသည် ကတ်၏လုံခြုံရေး၊ ကတ်အသုံးပြုခြင်းနှင့် ငွေသားထုတ်ယူခြင်းများ အားလုံးသည် မူရင်းကတ်နှင့် ဆင့်ပွားကတ် နှစ်ခုလုံးအတွက် အပြည့်အဝတာဝန်ရှိပါသည်။
4.2. Cardholders are fully responsible for security of card, all transactions made with the card, including cash withdrawals for both primary card and supplementary card.

## ၅။ ငွေပေးသွင်းခြင်း

၅.၁။ ကတ်ကိုင်ဆောင်သူသည် အနည်းဆုံးပြန်လည်ပေးဆပ်ရမည့်ပမာဏ၊ အတိုး၊ ဒဏ်ကြေး၊ ဝန်ဆောင်ခများ သို့မဟုတ် အခြားကျသင့်ငွေများအပါအဝင် ပြန်လည်ပေးဆပ်ရမည့်ငွေပမာဏအားလုံးကို MCB ဘဏ်မှ သတ်မှတ်ထားသောနောက်ဆုံး ရက်မတိုင်မီ ပြန်လည်ပေးသွင်းရမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် Credit Limit ထက်ပိုမိုသုံးစွဲထားသော မည်သည့် ငွေပမာဏအတွက်မဆို Over Limit Fee နှင့် အတိုးတို့ကိုလည်း MCB ဘဏ်မှ သတ်မှတ်ထားသော နောက်ဆုံးရက်မတိုင်မီ ပြန်လည်ပေးသွင်းရမည်ဖြစ်သည်။
5.1. Cardholders must repay the minimum required amount, including interest, penalties, service fees, or other applicable fees, before the due date specified by MCB Bank. Over-limit fees and interest applicable to any outstanding balance must also be repaid by the due date.

၅.၂။ ကတ်ကိုင်ဆောင်သူအနေဖြင့် ဘဏ်မှသတ်မှတ်ထားသော ပေးဆပ်ရမည့်နေ့ရက် သို့မဟုတ် ယင်းနေ့ရက်မတိုင်မီ ပေးဆပ်ရမည့်ငွေပမာဏအားလုံးကိုဖြစ်စေ၊ အနည်းဆုံးပေးဆောင်ရမည့်ငွေပမာဏကိုဖြစ်စေ ပေးသွင်းခြင်းမရှိပါက ကတ်ကိုင်ဆောင်သူသည် ဒဏ်ကြေးအပြင် ပေးဆပ်ရန်ကျန်ရှိသော လက်ကျန်ငွေပမာဏပေါ်တွင် နေ့စဉ်အတိုးပေးဆပ်ရမည်။
5.2. If the cardholder fails to pay either the total due amount or the minimum payment required by the bank on or before the due date, the cardholder will be liable to pay a penalty fee and daily interest on the outstanding balance.

၅.၃ ။ ကျသင့်ငွေများ၊ အတိုးနှင့် ဒဏ်ကြေးများအား ပြက္ခဒိန်နှစ်တစ်နှစ်ရှိ (၃၆၅) ရက် သို့မဟုတ် ရက်ထပ်နှစ်တွင် (၃၆၆) ရက်ပေါ် မူတည်၍ တွက်ချက်မည်ဖြစ်ပါသည်။
5.3. All applicable fees, interest, and penalties will be calculated based on a calendar year of 365 days or 366 days in the case of a leap year.

၅.၄။ ပေးချေရမည့် ငွေပမာဏများအားလုံးကို သတ်မှတ်ရက်မှရက်ပေါင်း (၉၀) အတွင်း ပြန်လည်ပေးဆပ်ခြင်းမရှိပါက MCB ဘဏ်အနေဖြင့် ကတ်ကိုင်ဆောင်သူ၏ ဓာတ်ပုံများအပါအဝင် အသေးစိတ်အချက်အလက်များကို သတင်းစာများ၊ Website များ ၊ လူမှုကွန်ရက်နှင့် အခြားသင့်လျော်သော မီဒီယာများတွင် ထုတ်ပြန်ကြေညာခြင်း၊ အမည်ပျက်စာရင်းသွင်းခြင်းနှင့် တရားစွဲဆိုခြင်းများကိုပါ ပြုလုပ်ပိုင်ခွင့်ရှိပါသည်။
5.4. If all due payments are not settled within 90 days from the designated due date, MCB Bank reserves the right to publish the cardholder's detailed information, including photographs, in newspapers, on websites, social media platforms, and other appropriate media. The bank also has the right to blacklist the cardholder and take legal action.

## ၆။ ကတ်သက်တမ်းတိုးသည့်လုပ်ငန်းစဉ်

၆.၁။ ကတ်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးနိုင်ရန်အတွက် MCB ဘဏ်မှ ကတ်ကိုင်ဆောင်သူအား တစ်လကြိုတင်၍ အကြောင်းကြားမည်ဖြစ်ပြီး ကတ်သက်တမ်းကုန်ဆုံးပြီးနောက် ကတ်ကိုင်ဆောင်သူသည် သက်တမ်းတိုးရန် ပျက်ကွက်ပါက Credit Card ဖြင့်ပြုလုပ်သည့် မည်သည့် Transactions များကိုမဆို MCB ဘဏ်မှ ငြင်းပယ်နိုင်ပြီး ကတ်အား ယာယီ သို့မဟုတ် အမြဲတမ်းဆိုင်းငံ့ထားနိုင်သည်။ ကတ်ကိုင်ဆောင်သူသည် ပေးဆပ်ရမည့်လက်ကျန်ငွေပမာဏများအားလုံးကို အပြည့်အဝပြန်လည်ပေးဆပ်ရမည်။

6.1. MCB Bank will notify cardholders one month in advance for card renewal. If the cardholder fails to renew, the bank may deny any transactions and suspend or terminate the card. The cardholder must fully repay all outstanding balances.

၆.၂။ မူရင်းကတ်ဖြစ်စေ၊ ဆင့်ပွားကတ်ဖြစ်စေ ကတ်သက်တမ်းကုန်ဆုံးပြီးနောက် ကတ်ကိုင်ဆောင်သူသည် MCB ဘဏ်တွင် သက်တမ်းတိုးခဲ့ပါက MCB ဘဏ်မှ ကတ်အသစ်ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ MCB ဘဏ်အနေဖြင့် အကြောင်းပြချက် တစ်စုံတစ်ရာပေးရန်မလိုအပ်ဘဲ ကတ်အသစ်ထုတ်ပေးခြင်း၊ ကတ်သတ်တမ်းတိုးခြင်း သို့မဟုတ် ကတ်အစားထိုးပေးခြင်းတို့ကို ငြင်းဆိုနိုင်သည်။ သက်တမ်းကုန်ဆုံးသွားသောကတ်များအား MCB ဘဏ်သို့ ပြန်လည်အပ်နှံရမည်ဖြစ်သည်။
6.2. Whether it is the original card or a supplement card, if the cardholder renews their card at MCB Bank after the card's validity has expired, MCB Bank will issue a new card. However, MCB Bank reserves the right to refuse the issuance of a new card, renewal, or replacement without providing any reason. Expired cards must be returned to MCB Bank.

## ၇။ စာချုပ်တွင်ပါဝင်သူများနှင့်ပြဿနာရပ်များ

၇.၁။ ကုန်သည်များက မည်သည့်ကုန်စည်များ။ဝန်ဆောင်မှုများကိုမဆို ရောင်းချခြင်း။မရောင်းချခြင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှု များ၏ အရည်အသွေးများ၊ ကတ်ကိုင်ဆောင်သူမဟုတ်ဘဲ တစ်စုံတစ်ဦးက ဆောင်ရွက်ထားသောဝယ်ယူမှုများ၊ (E-Commerce) Website များ၏ချို့ယွင်းချက်များ၊ အမှားအယွင်းများ၊ System Error များကြောင့် ဖြစ်ပေါ်လာသည့်ဝယ်ယူမှုများ သို့မဟုတ် ငွေသားကြိုတင်ပေးချေမှုများအတွက် MCB ဘဏ်တွင်တာဝန်မရှိစေရပါ။ ထို့ပြင်သဘာဝဘေးအန္တရာယ်များ သို့မဟုတ် MCB ဘဏ်မှထိန်းချုပ်နိုင်ခြင်း မရှိသောအခြားအဖြစ်အပျက်များကြောင့် ဖြစ်ပေါ်လာသော ဝန်ဆောင်မှုပေးရာတွင်နှောင့်နှေးမှုများ သို့မဟုတ် ပျက်ကွက်မှု များအတွက်လည်း MCB ဘဏ်တွင်တာဝန်မရှိစေရပါ။
7.1. MCB Bank holds no liability for the sale or non-sale of any goods/services by merchants, the quality of goods and services, purchases made by someone other than the cardholder, purchases resulting from defects or errors on (E-Commerce) websites, system errors, or prepayments made. Additionally, MCB Bank will not be liable for delays or failures in providing services due to natural disasters or any other incidents beyond the bank's control.

၇.၂။ ကတ်ကိုင်ဆောင်သူသည် ဈေးဝယ်ခြင်းနှင့် ကြိုတင်ငွေထုတ်ယူခြင်းများကြောင့်ဖြစ်ပေါ်လာသော မည်သည့်အငြင်းပွားမှု မျိုးကိုမဆို ဖြစ်ပေါ်လာသည့်နေ့ရက်မှစ၍ (၃၀) ရက်အတွင်း MCB သို့အကြောင်းကြားရမည်ဖြစ်ပါသည်။ အကြောင်းကြားဖြေရှင်းရန်ပျက်ကွက်ပါက ကတ်ကိုင်ဆောင်သူကြောင့်ဖြစ်ပေါ်လာသောနစ်နာမှုများ သို့မဟုတ် ငွေရေးကြေးရေးအရဆုံးရှုံး မှုများ အတွက် MCB ဘဏ်တွင်တာဝန်မရှိစေရပါ။ ကတ်ကိုင်ဆောင်သူများအားလုံး လိုက်နာရမည့် VISA Card Association ၏ စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များပေါ် မူတည်၍ အငြင်းပွားမှုများကိုဖြေရှင်းရမည်။
7.2 The cardholder must inform MCB Bank of any disputes arising from shopping and cash withdrawals within 30 days of the date of occurrence. In the event of failure to do so, the bank will not be liable for any harm or financial loss caused to the cardholder. Any dispute resolution is based on VISA Card Association's terms and conditions, which apply to all parties.

## ၈။ ကတ်ပြန်အပ်ခြင်းနှင့်ဖျက်သိမ်းခြင်း

၈.၁။ ကတ်ကိုင်ဆောင်သူသည် ကတ်ကို ဆက်လက်အသုံးမပြုလိုပါက နီးစပ်ရာ MCB ဘဏ် သို့မဟုတ် ကတ်ထုတ်ပေးခဲ့သော MCB ဘဏ်ခွဲသို့ စာဖြင့်ရေးသား၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အကြောင်းကြား၍ ကတ်အသုံးပြုမှုကိုရပ်ဆိုင်းရန် သို့မဟုတ် ကတ်ပိတ်သိမ်းရန် တောင်းဆိုနိုင်သည်။
8.1. If the cardholder no longer wishes to use the card, they may request to suspend or terminate the card usage by either submitting a written request or visiting the nearest MCB Bank branch or the branch that issued the card.

၈.၂။ ကတ်ကိုင်ဆောင်သူသည် ကတ်အသုံးပြုခြင်းကို ရပ်ဆိုင်းလိုပါက သို့မဟုတ် ကတ်ပိတ်သိမ်းလိုပါက ဘဏ်အားပေးချေရမည့်အခွန်အခများ၊ အတိုးနှင့် ကျသင့်ငွေများအားလုံးကို တစ်ခါတည်းပေးဆပ်ရမည်ဖြစ်သည်။ ကတ်ကိုရပ်ဆိုင်းခြင်း သို့မဟုတ် ပိတ်သိမ်းသည်နှင့်တစ်ပြိုင်နက် ထိုကတ်အား MCB ဘဏ်သို့ပြန်လည်အပ်နှံရမည်ဖြစ်သည်။
8.2. If the cardholder wishes to suspend or terminate the card, the cardholder must settle all outstanding dues, including taxes, interest, and any other payable amounts, in full. The card must be returned to MCB Bank immediately upon suspension or termination.

၈.၃။ ကတ်ကိုင်ဆောင်ထားသူသည် မူရင်းကတ်ကိုပိတ်သိမ်းလိုပါက မူရင်းကတ်နှင့်ဆင့်ပွားကတ် နှစ်ခုစလုံးအားဘဏ်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး ဆင့်ပွားကတ်တစ်ကတ်ထဲကိုပိတ်သိမ်းလိုပါက ယင်းဆင့်ပွားကတ်တစ်ခုတည်းကိုသာ ပြန်လည် အပ် နှံရမည်။
8.3. If the cardholder wishes to close the primary card, both the primary and supplementary cards must be returned to the bank. However, if the cardholder only wishes to close the supplementary card, only that specific supplementary card needs to be returned to the bank.

## ၉။ လုံခြုံမှု

၉.၁။ ကတ်ကိုင်ဆောင်သူသည် မိမိ၏ PIN နံပါတ်အားအမြဲတမ်း လျှို့ဝှက်ထားရှိရမည်။
(က) ကတ်ကိုင်ဆောင်သူသည် အောက်ပါအခြေအနေများတွင် MCB ဘဏ်သို့ ချက်ချင်းအကြောင်းကြားရမည်။

- ကတ်ပျောက်ဆုံးခြင်း/အခိုးခံရခြင်း၊
- ကိုယ်ရေးကိုယ်တာအချက်အလက်များပြောင်းလဲခြင်း၊ မိမိမသိသောအခြားသောTransactions များတွေ့ရှိခြင်း၊ မသမာမှုတွင် ပါဝင်ပတ်သက်နေသည်ဟု သံသယဖြစ်ခြင်း သို့မဟုတ် မိမိမဟုတ်သောအခြားသူတစ်ဦးမှ ကတ်အားဝင်ရောက် အသုံးပြုနေသည်ဟုသံသယရှိခြင်း၊
- ကတ်အား ခွင့်ပြုချက်မရှိဘဲ အသုံးပြုခြင်း၊ကတ်ငွေစာရင်းရှင်းတမ်းအား သံသယရှိခြင်း သို့မဟုတ် PIN number အသုံးပြု၍မရခြင်း၊

9.1. The cardholder must always keep their PIN number confidential.

(a) The cardholder must immediately notify MCB Bank under the following circumstances:

- If the card is lost or stolen,
- If personal information has been changed; if unknown transactions are detected; if there is suspicion of involvement in fraudulent activities or if it is suspected that someone other than the cardholder is using the card,
- If the card is being used without permission, if there are concerns about the card statement or if the PIN number is not working.

၉.၂။ ကတ်ကိုင်ဆောင်သူ၏ ပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသည့်ထိခိုက်နစ်နာမှုများ သို့မဟုတ် ငွေရေးကြေးရေးအရ ဆုံးရှုံးမှုများ အတွက် ကတ်ကိုင်ဆောင်သူတစ်ဦးတည်းတွင်သာ တာဝန်ရှိမည်ဖြစ်ပြီး MCB ဘဏ်တွင် တာဝန်ရှိမည်မဟုတ်ပါ။

9.2. The cardholder will be solely responsible for any damage or financial loss resulting from their negligence, and MCB Bank will not be held liable.

## ၁၀။ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ ပြောင်းလဲမှုများ

၁၀.၁။ MCB ဘဏ်၏မူဝါဒ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့် VISA Card Association ၏ လမ်းညွှန် ချက်များနှင့်အညီ ကတ်အားအသုံးပြုနိုင်ပါသည်။ ထို့ကြောင့် အတိုးနှုန်းများ၊ ကျသင့်ငွေများနှင့် ကန့်သတ်ချက်များအပါအဝင် စည်းမျဉ်းစည်း ကမ်းသတ်မှတ်ချက်များသည် ၎င်းတို့အပေါ်မူတည်၍ ပြောင်းလဲနိုင်သည်ကိုလည်း သိရှိနားလည်ထားရမည်ဖြစ်ပါသည်။

10.1. The card can be used in accordance with MCB Bank's policies, the Central Bank of Myanmar's regulations, and the guidelines of the VISA Card Association. Therefore, it is important to understand that the terms and conditions, including interest rates, applicable fees, and limits, may be subject to change based on these policies and regulations.

၁၀.၂။ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များရှိ မည်သည့်ပြောင်းလဲမှုများကိုမဆို MCB ဘဏ်သည်ကတ်ကိုင်ဆောင်သူအား အကြောင်းကြားစာ၊ Website၊ Email၊ SMS သို့မဟုတ် အခြားသင့်လျော်သော နည်းလမ်းများဖြင့် အကြောင်းကြားမည်ဖြစ်ပါ သည်။ ကတ်ကိုင်ဆောင်သူက MCB ဘဏ်သို့ အကြောင်းကြားခြင်းမရှိပါက ၎င်းသည် ပြောင်းလဲမှုများကို သဘောတူညီကြောင်း ယူဆမည်ဖြစ်ပါသည်။ ပြောင်းလဲပြီးသည့်နောက်ပိုင်း ကတ်ကို ဆက်လက်အသုံးပြုခြင်းဖြင့် ကတ်ကိုင်ဆောင်သူသည် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်အသစ်များကို လိုက်နာဆောင်ရွက်ရန် အလိုအလျောက်သဘောတူညီကြောင်း ယူဆမည် ဖြစ်ပါသည်။

10.2. MCB Bank will notify the cardholder of any changes to the terms and conditions via appropriate channels such as notification letters, the website, email, SMS, or other suitable channels. If the cardholder does not communicate with MCB Bank regarding these changes, it will be assumed that they have accepted the changes. Continued use of the card after the changes will also be considered as the cardholder's automatic agreement to comply with the new terms and conditions.

၁၀.၃။ MCB ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များအပေါ်မူတည်၍ အတိုးနှုန်း နှင့် အခြားသောဝန်ဆောင်ခများအား ပြောင်းလဲကောက်ခံပိုင်ခွင့်ရှိသည်။

10.3. MCB Bank reserves the right to adjust interest rates and other service fees based on the directives periodically issued by the Central Bank of Myanmar.

၁၁. ဤစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအား မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လွှမ်းမိုးပါသည်။

11. These terms and conditions shall be governed and construed by applicable laws of Myanmar.

အသေးစိတ်သိရှိလိုပါက MCB Bank Call Center - ၀၉ - ၉၄၀၀၅၁၂၃၄ နှင့် Email (callcenter-mcb@mcb.com.mm) ကို ဆက်သွယ်နိုင်ပါသည်။

For further details, you can contact the MCB Bank Call Center at 09-940051234 or via email at callcenter-mcb@mcb.com.mm.

MCB Visa Credit Card အား ရွေးချယ်အသုံးပြုခြင်းအတွက် ကျေးဇူးတင်ရှိပါသည်။ အကောင်းဆုံးသော ဝန်ဆောင်မှုများအား အမြဲတမ်းပေးအပ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်သွားပါမည်။

Thank you for using the MCB Visa Credit Card. We will continue to strive to provide you with the best possible services.